တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
(၁၇) ရက်မြောက်နေ့အစီအစဉ်
(၁၅ - ၁၀ - ၂၀၂၆) (ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာနန္ဒာလှမြင့်၊ ကလောမဲဆန္ဒနယ်၏ **အောင်ပန်းဒေသ သစ္စာမြောင်မြနန္ဒာနှင့် အခြားရေဝေရေလဲဒေသများအား ကြီးကြပ်မည့်အစီအစဉ်နှင့် ၎င်းဒေသများ၌ မြေအသုံးချခွင့်ရနေမှုအား အမြန်ဆုံးစိစစ်ပြီး ပြီးပြတ်ရေး ဆောင်ရွက်ပေးမည့် ကာလသတ်မှတ်ချက် အစီအစဉ်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးတင့်ဝေ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **တရားမဝင် ပြည်ပအလုပ်သမားများလျှောချရန်နှင့် ပြည်ပအလုပ်သမားများ၏ လစာဝင်ငွေနိုင်ငံသို့လွှဲပြောင်းရာတွင် အစိုးရဘဏ်မှတစ်ဆင့် လွှဲပြောင်းပေးပို့ရန် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအောင်ဇော်မိုး(ခ)အောင်ဇော်မိုးထွန်း၊ မူဆယ်မဲဆန္ဒနယ်၏ **မူဆယ်မြို့ပေါ်ရှိ နယ်စပ်ဂိတ်များ၌ ပစ္စည်းသယ်ယူမှုကို တန်ဖိုး၏ (၃%) အခွန်ကောက်ခံပေးရန်နှင့် လူတစ်ဦးလျှင် ပစ္စည်းတန်ဖိုး ကျပ်သိန်း (၅၀) သယ်ယူခွင့်ပြုရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါက်တာဌေးဝင်း၊ အင်္ဂပူမဲဆန္ဒနယ်၏ **အင်္ဂပူမြို့နယ်၊ မိုးကောင်းကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် RC တစ်ထပ်ဆောင် ချထားပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ငဃ) ဒေါ်ကြူကြူမော်၊ သာစည်မဲဆန္ဒနယ်၏ **သာစည်မြို့နယ်၊ ဘုရားငါးဆူ အ.ထ.က(ခွဲ) နှင့် မယ်ဇလီကန် အ.ထ.က ကျောင်းများအတွက် RCC (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသည့် **"ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ (ဝိဇ္ဇာချွန်ဆု/ သိပ္ပံချွန်ဆု) ရွေးချယ်၍ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေး အစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း (၈) နိုင်ငံသား၊ ပုဒ်မ ၃၆၈ နှင့်အညီ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆို"**ကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) နန်းကျင်း (ခ) နန်းစိန်၊ တောင်ကြီး မဲဆန္ဒနယ်

(ခ) ဦးခင်မောင်ချင်း ၊ မြဝတီ မဲဆန္ဒနယ်

(ဂ) ဦးလှမြင့် ၊ မတ္တရာ မဲဆန္ဒနယ်

(ဃ) ဦးစန်းမြင့် ၊ မြစ်သား မဲဆန္ဒနယ်

(ငဃ) ဦးမိုးတင်၊ စေတုတ္တရာ မဲဆန္ဒနယ်

(စ) ဒေါ်မြင့်စန္ဒာအောင်၊ မြောင်းမြ မဲဆန္ဒနယ်

၈။ ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၇) ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။